## ၆။ အမြစ်နီမတုတ်ရောဂါ Banana Burrowing Nematode

**ရောဂါဖြစ်စေသက်ရှိ - Radopholus similis (Cobb, 1893) Thorne, 1949**

## ရောဂါလက္ခဏာ

အပင်ခြေ/အမြစ်မှ ကျွတ်ထွက်ယိုင်လဲခြင်းသည် သိသာထင်ရှားသော ပင်ပြလက္ခဏာဖြစ်သည်။ အပင်၏ အမြစ်ကုတ်တွယ်မှု/အာဟာရနှင့်ရေ စုပ်ယူမှုကို ထိခိုက်စေသောကြောင့် ငှက်ပျော အထွက်နှုန်းကို ထိခိုက်စေနိုင်သည်။ အမြစ်အပြင်တစ်ရှူးသားတွင် အနီရင့်ရောင်ရောဂါ လက္ခဏာ ကွက်ကို မြင်တွေ့နိုင်သည်။ ကပ်လျက်ရှိသော ရောဂါကွက်များသည် တဖြည်းဖြည်း ဆက်သွားကာ နောက်ဆုံးတွင် အမဲရောင် ပြောင်းသွားသည်။ အလွန်ဆိုးရွားစွာကျရောက်နေ ပါက အမြစ်ပတ်လည်တွင် ရောဂါကွက်ကို တွေ့နိုင်သည်။ ရောဂါကျအပင်မှ နီမတုတ်သည် သားတက်သို့ ကူးစက်ကာ အမြစ်ထွက်လာသောအချိန်မှ သားတက်မှ အမြစ်သို့ကူးစက် ပျံ့နှံ့ သည်။ မိုးသက် လေပြင်းကျပါက မြေကြီးပွလာကာ အပင်သည် အမြစ်များပြတ်ထွက်ကာ ပျက်စီးစေသည်။

## ကာကွယ်နှိမ်နင်းနည်း

- ရောဂါကင်းသော သားတက်/တစ်ရှူးမျိုးပွားနည်းဖြင့် ပွားထားသောအပင် များကို စိုက်ပျိုးပါ။
- ရောဂါကျအပင်များ/ရောဂါရှိအပင်မှသားတက်များကို ခုတ်ယူဖျက်ဆီးပါ။
- ရောဂါကျပြီးသောအခင်းအား (၈)ပတ်ခန့် ရေလွှမ်းထားပါ။
- (၁၀-၁၂)လခန့် မြေလှပ်ထားပါ။
- (၂-၃)နှစ်ခန့်ထိ သီးလှည့်စိုက်ပျိုးပါ
- မစိုက်ခင် ငှက်ပျောသားတက်ကို ရေအပူချိန် (၅၅)ဒီဂရီစင်တီဂရိတ်တွင် (၁၅-၂၀)မိနစ်စိမ်ခြင်း/နီမတုတ်သတ်ဆေး အား စိုက်ကျင်းထဲထည့်ပေးခြင်းဆောင်ရွက်ပါ။

- Fosthiazate (ဖေါ့စ်သီယာဇိတ်)